# ပျောက်ရှင်မှုသည် လှောင်ပြများနှင့် အတူ



ပြည်ပအက်ဆေးများ

မောင်ကိုကို (အမရပူရ)

# အမှာ စာ

အင်္ဂလိပ်စာအိတ်စ်ပတ် မဟုတ်ပါ။ ရှူးသွပ်မိသော အက်ဆေးအချို့ ကို ဘာသာပြန်ဆိုခဲ့မိပါသည် ။ မျှဝေလိုသော စိတ်ဖြင့် ကြိုးစားကြည့်ခဲ့ ပါ၏။ 7 Day Daily တွင် ဆက်တိုက် ဖော်ပြခွင့်ရခဲ့ပါတယ်။ ကျေးဇူးတင် ပါသည် ။

TIME မဂ္ဂဇင်း Nancy Gibbs မန်နေဂျင်းအက်ဒီတာ လုပ်စဉ်က အက် ဆေးများ ဤစာအုပ်တွင် ပါဝင်ခဲ့သည် ။ TIME ကို အခြေခံကာ ဂူဂဲလ် နှင့် ဖြည့်စွက်လျက် အက်ဆေး တစ်ပုဒ်ဖြစ်အောင် ဖန်တီးမိသည် လည်း ရှိပါ၏။ အခြားနေရာ၊ အခြားစာအုပ်မှ အက်ဆေး အချို့လည်း ပါဝင်ခဲ့ ပါသည် ။

Concept ကို ထပ်တလဲလဲ တင်သွင်းတတ်သော အက်ဆေးများ ဖြစ်ကြောင်းကိုလည်း သတိထားမိပါသည် ။

နိုင်ငံရေးသမားများ အပေါ်မှာ ၊ ဘာသာရေးခေါင်းဆောင်များ အပေါ်မှာ ယုံကြည်ကိုးစားမှု အားနည်းသွားခဲ့သော်လည်း အမေရိကန်ပြ ည်ထောင်စုမှ လူငယ်များ သည် ပျော်ရွှင်နေကြကြောင်း အက်ဆေး မှ တဆင့်သိရှိရပါသည် ။

လူငယ်သည် ခေတ်ကိုဖြတ်သန်းရမှာ ပျော်ရွှင်နေဖို့ လိုအပ်သည် မ ဟုတ်ပါလား။

ပျော်ပါစေ။

လေးစားစွာဖြင့်

မောင်ကိုကို(အမရပူရ)

မီတူး

၁၉၇၅ တွင် Sexual Harassment ဆိုသော စကားလုံးကို သတိထားမိလာ၏။ ၁၉၇၆ တွင် Red-book မဂ္ဂဇင်းသည် ထိုဝေါဟာရအသစ် Sexual Harassment နှင့်ပတ်သက်၍ ဆာဗေးတစ်ခု ပြုလုပ်ခဲ့သည် ။ ဆာဗေး၏ ရလဒ်ကို ကြေညာခဲ့သည် ။

အမျိုးသမီးများ စွာသည် ထိုဆာဗေးတွင် ပါဝင်ကူညီခဲ့၏။ အမျိုးသမီး 90 ရာခိုင်နှုန်းသည် အလုပ်ခွင်ထဲတွင် လိင်ဆိုင်ရာ သွေးတိုးစမ်းမှု၊ ထိကပါး ရိကပါးပြုမှုကို အကြိမ်ကြိမ်ခံခဲ့ရသည် ဟု ထိုဆာဗေးက ဖော်ပြ၏။

2016 တွင် Elephant in the Valley လေ့လာချက်တစ်ခုထွက်လာသည် ။ နည်းပညာနယ်ပယ် မှ အမျိုးသမီး 60 ရာခိုင်နှုန်းသည် မလိုလားအပ်သော လိင်မှုဆိုင်ရာ အနှောင့်အယှက်ကို ခံရသည် ဟု ဖေါ်ပြထား၏

။

2016 Elephant in the Valley သည် Gender Bias အတွက် ဆာဗေး ပညာရှင်အမျိုးသမီး 200 ကို မေးမြန်းခဲ့ခြင်းဖြစ်ပါသည် ။

၂၀၁၇ သည် အလုပ်ခွင်အတွင်းနှင့် အလုပ်ခွင်ပြင်ပက အမျိုးသမီးများ အတွက် အလွန်အရေး ပါသော ပြောင်းလဲခြင်းကာလဖြစ်ကြောင်း သက်သေပြခဲ့ပါ၏။

အမျိုးသမီးများအား တန်ဖိုးနှိမ့်ချဆက်ဆံပြီး အနိုင်ကျင့်ခြင်းများ ၊ အလုပ်ခွင်ကို ငြီးငွေ့စိတ်ပျက် ပြီး အလုပ်ထွက်သွားအောင် ဆက်ဆံခြင်းများကို နွမ်းလျစွာ လက်လျှော့ အရှုံးပေးကြမည့်အစား ကျွန်မတို့ သည် မိမိတို့ ၏ အသံကို မြှင့်တင်လိုက်ပါပြီ။

ယခင်က တစ်ခါမှ မပြုခဲ့ဘူးသော အသံမျိုးဖြင့် အသံကုန်အော်ဟစ်လိုက်ကြပါပြီ။

နောက်ဆုံးမှာ တော့ ကမ္ဘာကြီး ကိုယ်တိုင်ပင် ကျွန်မတို့ ၏ အသံကို နားထောင်နေရပြီ။

ပိုလို့ ... အော်

ပိုလို့ ... အော်

ပိုလို့ ... အော်

ကြား

ကြား

ကြား

ကမ္ဘာက ကြားပြီမဟုတ်လား။

အမျိုးသမီးများ ပြောပြနေသော ဇာတ်လမ်းများ သည် အသစ်အဆန်းမဟုတ်ပါ။ ဆီလီကွန် တောင်ကြားနှင့် ဟောလိဝုဒ် အတွက်သာ ကန့်သတ်ချက်မဟုတ်။ ကျွန်မသည် ပြီးခဲ့သည့်အနှစ် 20 လုံးလုံး ကမ္ဘာကြီးပေါ်က အမျိုးသမီးများ နှင့် စကားပြောခဲ့၏။ ကျွန်မ သွားခဲ့သည့်နေရာတိုင်းမှာ ဤဇာတ်လမ်းများကိုသာ ထပ်တလဲလဲကြား ရသည် ။ Board Rooms မှ သမ္မတအိမ်တော်အထိ၊ ကမ္ဘာ့အဆင်းရဲဆုံး ဆိုသော ရွာကလေးတွေက မြေပြင်ပေါ် ပြန့်ကျဲနေသော ဖျာစုတ်ကလေး များ ပေါ် အထိ။ အမျိုးသမီးများက ပေးသော သတင်းစကားမှာ အတူတူ ပင်ဖြစ်ပါသည် ။ တစ်ခုတည်းသာဖြစ်ပါ သည် ။

ငါလည်း အတူတူပဲ။

ငါလည်း မင်းလိုပဲ။

Me too

Me too

Me too

မည်သည့်တိုင်းပြည်မှာ မဆို၊ မည်သည့် ကမ္ဘာမြေပေါ်မှာ မဆို မိန်းမ သည် ဆုံးရှုံးခြင်းတခုနှင့် မွေးဖွားလာရသည် ဟု အသင်ကြား ခံခဲ့ရသည် ။

အကြိမ်ကြိမ် နှောင့်ယှက်ခံရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်း၊ အကြမ်းဖ က် နှိပ်စက်ခံရခြင်း၊ ထိုသို့ ရှုံးနိမ့်သော သားကောင်ဖြစ်ရခြင်းမှာ ကျွန်မ တို့ ၏ မှားယွင်းမှုကြောင့်ပေလော။

ထိုအရာသည် ကျွန်မတို့ တစ်တွေ ပေးဆပ်ရသော တန်ဖိုးဖြစ်သည် ။

ကျွန်မတို့ မိန်းမသားများမှာ ရည်မှန်းချက် ကြီးမြင့်ရသည့်အတွက်၊ အလုပ်တခုကို ရှာရဲသည့် သတ္တိအတွက်၊ အတွေးအမြင်ကို ဖော်ပြရဲသည့်အတွက်၊ မိမိ၏ အသားကို မည်သူ့အား ထိတွေ့ကိုင်တွယ်ခွင့် ပေးမည်နည်း ဆိုသည် ကို ဆုံးဖြတ်ပိုင်ခွင့်ရှိသည့်အတွက်…။

ကျွန်မတို့ မှားသည် ဟု ယောကျ်ားများက ပြောနိုင်ခွင့်မရှိပါ။

ကျွန်မတို့ ကိုယ်ပေါ်မှာ မညီမမျှ ကျရောက်သောအရာမှန်သမျှကို ကျွန်မတို့ သည် ကောက်ယူ လွှင့်ပစ်ရမည်။ ပြန်လည်တည့်မတ်ရန် ကြိုးစားအားထုတ်ရမည်။

အမျိုးသမီးထဲမှာ ကြီးမြတ်သော တွေးခေါ်ရှင် အများ အပြားရှိပါသည် ။ တီထွင်ဖန်တီးသူများ ရှိပါသည် ။ အနုပညာရှင်များ ရှိပါသည် ။ နိုင်ငံရေးခေါင်းဆောင်၊ အခြားဌာန၏ ခေါင်းဆောင်၊ လူမှုရေးခေါင်းဆောင် … ရှိကို ရှိပါသည် ။ အံမဝင်သော အစဉ်အလာဟောင်းကို တော်လှန်ရဲသော အမျိုးသမီးများ ရှိပါသည် ။

ကျွန်မတို့ မှာ သွားရမည့် တံခါးပေါက်များ ရှိပါသည် ။

အချို့ ယောကျ်ားများက ထိုတံခါးအပေါက်ဝမှာ ကိုးရိုးကားယား ပိတ်ဆို့ ထားတတ်ကြ၏။

ကျွန်မတို့ သည် ထိုယောကျ်ားများကို ပခုံးဖြင့် တွန်းတိုက်ထုတ်ရမည်။ ကန်ကျောက်သင့်လျှင် ကန်ကျောက်ရမည်။

အမျိုးသမီးများအား ညှဉ်းပန်းနှိပ်စက်မှုမှာ သဘာဝကျသည် ဟု ဆင်ခြေတက်နေသော သူများ ကို ကျွန်မတို့ က တော်လှန်ပုန်ကန်ရမည် ။

ခွဲခြားဆက်ဆံခြင်း၊ အဓမ္မပြုမှု နှောင့်ယှက်ခြင်းတို့ ကို ကျွန်မတို့ က

တွန်းလှန်ပစ်ရမည်။

လူ့လောကကို၊ လူ့သမိုင်းကို ပုံဖော်ကြရာမှာ အမျိုးသားများ ချည်း မဟုတ်နိုင်ပါ။ အမျိုးသမီးများ လည်း နေရာများ စွာ ပါဝင်လာပါသည် ။

ဆုံးဖြတ်ချက်ချခွင့်ရှိသော စားပွဲမှာ အမျိုးသားများ သာ ရှိနေသည် မဟုတ်။ အမျိုးသမီးများ လည်း ထိုင်ခွင့်ရှိသည် ။

နှစ် တစ်နှစ် ကူးပြီ။

နှစ် အသစ်မှာ ကျွန်မတို့ လက်ခံရရှိသော အခွင့်အလမ်းများ ထက် ပိုမိုကောင်းမွန်သော အရာကို ကျွန်မတို့ သည် မျှော်လင့်လျက် ရှင်သန်နိုင်ပါပြီ။

အမျိုးသမီးများအားလုံးသည် ထိလွယ်ရှလွယ်သော မှန်မျက်နှာကျက်ကို အစိတ်စိတ်အမွှာမွှာ ဖောက်ခွဲပြီး ခြေလှမ်းအသစ်ကို လန်းနိုင်ပါပြီ။

နောက်ဆုံးအခြေအနေအထိ ထိပ်တိုက်ရင်ဆိုင်နေရသော အကြောင်းအရာမှာ ကျွန်မတို့ ဘက်က အသံတိတ်ဆိတ်နေခြင်းဖြစ်ပါသည် ။

ကျွန်မတို့ ဆက်လက်တိတ်ဆိတ်နေလျှင် မတူညီမှု၊ တရားမျှတခြင်း မရှိမှုကို ဆက်လက်အကာ အကွယ်ပေးခြင်းဖြစ်ပါသည် ။ ပိုနေမြဲ ကျားနေမြဲသည် ဆက်ဖြစ်နေမည်။ တိတ်ဆိတ်ခြင်း၊ ခေါင်းငုံ့ခံ ခြင်းသည် ကျွန်မတို့ မိန်းမသားတို့ ၏ အမှားပင် ဖြစ်၏။

ကျွန်မတို့ အသံများကို မြှင့်တင်ရမည်။ အော်သံတွေ ကျယ်လောင်ကြပါ။ တစ်ယောက်ကို တစ်ယောက် အသံပြုကြပါ။ တစ်ယောက်ကို တစ်ယောက် အကာအကွယ်ပေးကြပါ။ အမျိုးသမီးတစ်ဦး ၏

အတွေ့အကြုံကို အခြားအမျိုးသမီးများအား ဖြန့်ဝေမှုပြုပါ။

ကျွန်မတို့ ၏ အရေအတွက်မှာ အင်အားတောင့်တင်းရန် လိုသည် ။ သက်ဆိုင်ရာအဖွဲ့အစည်းများ နှင့်လည်း စနစ်တကျ ချိတ်ဆက်မိရန် လိုအပ်သည် ။ လိင် ခွဲခြားခြင်း၊ အဆင့်အတန်းခွဲခြားခြင်းကို ပ ပျောက်အောင် ဆောင်ရွက်နိုင်လာပါလိမ့်မည်။ သေနတ်ပစ်ဖောက် အချက်ပေးရမည်။ သပိတ်မှောက်တန် မှောက်ရမည်။ စနစ်တကျ အက်ရှင်ယူလာနိုင်အောင် ပြုရမည်။ သို့မှ သာ အပြောင်းအလဲကို ခံစားခွင့်ရမည်။

ကျွန်မတို့ အမျိုးသမီးများ သည် အသံပြုကြရမည်။ စကားဆိုကြရမည်။ ကျွန်မတို့ ၏ ဖွင့်ဟ ချက်ကို ဂရုတစိုက်နားထောင်ပေးသော နားများ ရှိရန်လိုအပ်သည် ။

အသံပြုပါ။ လက်သီးလက်မောင်းတန်းပါ။

ကျား၊ မ မခွဲခြားသော တရားမျှတမှုသည် ကျွန်မတို့ မိန်းမသားအားလုံးအား အကျိုးကျေးဇူး ပြုလာပါလိမ့်မည်။ နောက်ဆုံးမှာ အဲသလိုပဲ ဖြစ်ရမည်မဟုတ်လား။

Ref: Melinda Gates's The world is finally listening.

Me too, me too, me too. TIME Magazine.

7 Day Daily

*****